# သင့်ရဲ့ကြီးပွားတိုးတက်ရေးတွင် အခြားလူများကဘယ်လိုပါဝင်နိုင်သလဲ

## သဘောထားရပ်တည်ချက်အမျိုးအစားများ

သင်သည် အခြားလူများထံမှ သင်ယူလေ့လာရန် ကိစ္စပေါ်လာသောအခါ သင့်မှာ ဘယ်လို သဘောထားရပ်တည်ချက်ရှိသင့်ပါသလဲ။ လူများသည်အောက်ပါသဘောထားရပ်တည်ချက် အမျိုးအစားများအနက် တစ်မျိုးတွင် အကျုံးဝင်နေပါလိမ့်မည်–

(၁) **စိတ်ကြီးဝင်သော သဘောထားရပ်တည်ချက်။** အသိပညာခေါင်းပါးခြင်းသည် သင်ယူလွယ်ခြင်း၏အကြီးမားဆုံးရန်သူဖြစ်သည်ဟု မိမိတို့က တစ်ခါတစ်ရံထင်တတ်ကြပါသည်၊ အမှန်စင်စစ်တွင် ထိုအချက်သည် သင်ယူလွယ်ခြင်းအတွက် အနည်းငယ်သာ ထိခိုက်နိုင်ပါသည်။ အဆင့်မြင့်ပညာများတတ်မြောက်ပြီး များစွာအောင်မြင်မှုရနေသော လူတို့သည်အခြားလူတစ်ဦးဦး၏အယူအဆများ သို့မဟုတ် အကြံဉာဏ်များကို နားမထောင်လိုကြသည်ကို သင်လည်း တွေ့ဖူးပါလိမ့်မည်။လူတစ်ချို့ကသူတို့အကုန်သိနေသည်ဟုထင်ကြသည်၊အောင်မြင်နေသောအဖွဲ့အစည်းကြီးကြီးမားမားကို တည်ထောင်ဖန်တီးထားသူတစ်ဦးသည် အဖွဲ့အစည်း သေးသေးမွှားမွှား တစ်ခုကိုစတင်တည်ဆောက်နေသူထံမှ သင်ယူရန်မလိုဟုထင်ကောင်းထင်နိုင်ပါသည်။ ပါရဂူဘွဲ့ရရှိသူတစ်ဦးသည် ထိုဘာသာရပ်တွင် အထူးကျွမ်းကျင်သူအဖြစ် သတ်မှတ်ခံထားရပြီးဖြစ်သောကြောင့် အခြားမည်သူ့ထံမှမဆို လမ်းညွှန်ချက်များကို လက်သင့်မခံနိုင်ဘဲ ဖြစ်နေတတ်ပါသည်။ ကုမ္ပဏီတစ်ခု သို့မဟုတ် ဌာနတစ်ခုတွင် လုပ်သက်အရင့်ဆုံး အတွေ့အကြုံ အရှိဆုံး ပုဂ္ဂိုလ်တစ်ယောက်သည် ငယ်ရွယ်သောလုပ်သက်နုသူများ၏ အကြံအစည်များကို နားမထောင်နိုင်ဘဲ ရှိနေတတ်ပါသည်။

ထိုပုဂ္ဂိုလ်များသည် သူတို့ကိုယ်သူတို့ ဘယ်လောက်အထိ ထိခိုက်ဆုံးရှုံး စေခဲ့သလဲ ဆိုသည်ကို သတိမရှိခဲ့ကြပါ။ စင်စစ် လူတစ်ယောက်သည် အသစ်အဆန်းတစ်ခုကို သင်ယူရန် ဘယ်တော့မှ အသက်ကြီးရင့်လွန်းခြင်း၊ တော်လွန်းခြင်းနှင့် အောင်မြင်မှုများပြည့်စုံနေလွန်းခြင်းဟူ၍ မရှိပါ၊ လူပုဂ္ဂိုလ်တစ်ယောက်ကို သူ၏ တိုးတက်မှုအတွက် သင်ယူရန် အရည်အချင်းရှိမှုနှင့် ခွဲခြားထားသော တစ်ခုတည်းသော အရာမှာ သူ၏ဆိုးဝါးသောသဘောထားရပ်တည်ချက်သာဖြစ်ကြောင်း သတိပြုသင့်ပါသည်။

(၂) **ရိုးစင်းသောသဘောထားရပ်တည်ချက်။** ကြီးပွားတိုးတက်ရန်အခြေအနေရှိသောလူတို့သည် နည်းနာပြသပေးသူ ဆရာတစ်ယောက်ကို ရှာလေ့ရှိကြသည်။ သာမန်အားဖြင့် ကောင်းမွန်သောလုပ်ဆောင်ချက်ဖြစ်ပါသည်။ သို့သော်သူတို့သည် ဆရာတစ်ဦးတည်းထံမှ ဘာမဆိုသင်ယူရလိမ့်မည်ဟု မျှော်လင့်ခြင်းသည် ရိုးစင်းနုံအရာ ကျပါသည်။ လူတို့သည် နည်းနာပြသပေးမည့် ဆရာတစ်ယောက်မက အများကြီးလိုပါသည်။ စာရေးသူကိုယ်တိုင်လည်း လူများစွာတို့ထံမှ အမြောက်အမြားသင်ယူရရှိခဲ့ခြင်းဖြစ်ပါသည်၊စာဘယ်လိုရေးမလဲ၊ စီးပွားရေးလုပ်ငန်း၊ ဆက်သွယ် ဆက်ဆံရေးလုပ်ငန်းဘယ်လိုလုပ်ရမလဲ ဆိုသည်ကို ဆရာ ဆရာမများ၊ ညီအစ်ကိုမောင်နှမများ ၊ ဆွေမျိုးသားချင်းများ ၊ ဘာသာရေးဆရာများနှင့် စံနမူနာယူစရာပုဂ္ဂိုလ်များတို့က နည်းနာပြသပေးခဲ့ကြ

သည်။ စာရေးသူအား နှစ်ပေါင်းများစွာအတွင်း၌ နည်းနာပြသသင်ကြားပေးခဲ့ကြသော ဆရာများ၏ အမည်နာမများကို ရေးချမည်ဆိုလျှင် စာမျက်နှာပေါင်းများစွာ ကုန်သွားမည်ဖြစ်ပါသည်။

(၃) **သင်ယူလွယ်သောသဘောထားရပ်တည်ချက်။** အများဆုံးသင်ယူနိုင်ခဲ့ကြသောပုဂ္ဂိုလ်များသည်အတော်ဆုံးလူများနှင့် အတူတကွနေခဲ့ကြသောလူများမဖြစ်တတ်ကြပါ၊ သူတို့သည် သင်ယူလွယ်သော သဘောထားရှိကြသော လူများသာဖြစ်ကြပါသည်။ လူတိုင်းတွင် ပေးဝေစရာ တစ်စုံတစ်ခုတော့ရှိစမြဲပါ၊ သင်ယူထားသော သင်ခန်းစာတစ်ခု သို့မဟုတ် ရှုမြင်မှုတစ်ခုသို့မဟုတ် ဘဝအတွေ့အကြုံတစ်ခုစသည်တို့ ဖြစ်ပါသည်။ မိမိတို့သည် နားထောင်လိုသော ဆန္ဒရှိရန်သာ လိုပါသည်၊ အမှန်စင်စစ်လူတို့သည် မကြာခဏဆိုသလို မိမိတို့အား မထင်မှတ်ဘဲ သင်ကြားပေးတတ်ကြပါသည်။မိဘလုပ်သူများကိုမေးကြည့်လျှင်သူတို့သည်သူတို့၏သားသမီးများထံမှတစ်စုံတစ်ရာသင်ကြားခဲ့ကြသည်ကို တွေ့ရပါလိမ့်မည်၊ စကားတစ်ခွန်းမျှမပြောတတ်သေးသည့် ကလေးငယ်ထံမှပင်လျှင် သင်ယူမှုရနိုင်ပါသည်။ သင်ယူမှုမရနိုင်သော အချိန်သည် တစ်ချိန်တည်းသာရှိပါသည်၊ ယင်းအချိန်သည် မိမိတို့က သင်ယူလိုသော ဆန္ဒမရှိသော အချိန်ဖြစ်ပါသည်။

ဤကဲ့သို့စာရေးသူက ပြောခြင်းကြောင့် သင်တွေ့ဆုံသော လူတိုင်းက သင့်ကိုတစ်စုံတစ်ခု သင်ကြားပေးလိမ့်မည်ဟု ဆိုလိုရာမရောက်ပါ။ စာရေးသူဆိုလိုသည်မှာ သင်ကသာ လက်သင့်ခံနိုင်မည်ဆိုလျှင် လူတိုင်းတွင်သင်ကြားပေးနိုင်သော အလားအလာများရှိနေကြသည်ဟုဆိုလိုခြင်းဖြစ်ပါသည်။

## အခြားလူများထံမှ မည်ကဲ့သို့သင်ယူမလဲ

သင့်၌သာ သင်ယူလွယ်သော သဘောထားရပ်တည်ချက်ရှိပါစေ သို့မဟုတ် ထိုသဘောထားရပ်တည်ချက်မျိုးကိုရရှိရန် ဆန္ဒရှိပါစေ၊ သင်သည် အခြားလူများထံမှ သင်ယူရန် အခြေအနေ ကောင်းကောင်းပေးနေပြီဟု ဆိုရပါမည်။ အောက်ပါလုပ်ငန်းအဆင့်ငါးဆင့်ကို လိုက်နာဆောင်ရွက်သွားရန်သာလိုပါတော့သည်-

(၁) **သင်ယူရန်ပြင်းပြသော ခံစားချက်ရှိပါစေ။** စီမံခန့်ခွဲမှုအထူးကျွမ်းကျင်သူ Philip B. Gosky က " လူ့အပြုအမူနှင့်ပတ်သက်၍ သီအိုရီတစ်ခုရှိပါသည်၊ မသိစိတ်၏စေ့ဆော်မှုအရ လူတို့သည် မိမိတို့၏ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှုကို မိမိတို့ကိုယ်တိုင်က နှောင့်နှေးစေနိုင်သည်ဟူ၍ဖြစ်သည်။လူတို့သည်ထပ်ကာတလဲလဲသုံးဖန်များ၍အပ်ကြောင်းထပ်နေသောစကားလုံးများ၊ အတွေးအမြင်များနှင့် အကျင့်စရိုက်များကိုသာ အားကိုးကြသည်။ သူတို့၏ဘဝတွင် သက်တောင့်သက်သာ နေနိုင်သော အသက်အရွယ်သို့ ရောက်လာသည့်အခါ သင်ယူလေ့လာမှုကိုရပ်တန့်ထားလိုက်ကြသည်။ ကျန်ရှိနေသော အချိန်ကာလများတွင်ကား ပျင်းရိခြင်းက သံသရာရှည်လာသည်။ အဖွဲ့အစည်းကို တိုးတက်အောင် လုပ်ကောင်းလုပ်နိုင်ပါမည်၊ သူတို့သည် ရည်ရွယ်ချက်မြင့်မားပြီး လုပ်ချင်ကိုင်ချင် စိတ်လည်းရှိကောင်းရှိပါမည်။ နေ့ရောညရောအလုပ်လုပ်ကောင်းလည်း လုပ်ပါလိမ့်မည်၊ သို့သော် နောက်ထပ်ဘာကိုမျှ သင်ယူခြင်းမရှိတော့ပါ။"

လူတို့သည် သူတို့အိမ်မက်မက်ခဲ့သော အဆင့်အတန်း၊ အဖွဲ့အစည်းအတွက် သတ်မှတ်ထားခဲ့သော ပန်းတိုင် သို့မဟုတ် ကြိုးစားအားထုတ်ပြီးရယူခဲ့ရသည့် ဒီဂရီတို့ကို ရရှိပြီးသောအခါ

သူတို့၏စိတ်ထဲတွင် လျာထားချက်အတိုင်း ပြည့်စုံခဲ့ပြီဟု ခံစားမှုဖြစ်ပေါ်လာသည်။ ထိုအခါ သက်သောင့်သက်သာ နေလိုကြသည်။

သင်သည် ဆက်လက်ကြီးပွားတိုးတက်လိုလျှင် ထိုသက်သောင့်သက်သာနယ်မြေ အတွင်းမှာဝင်ထိုင်နေ၍မဖြစ်ပါ။ သင်ယူလေ့လာခြင်းကို သင့်ရဲ့ပန်းတိုင်အဖြစ် ပြုလုပ်ထားရန်လိုအပ်ပါသည်။ သင်လေ့လာခြင်းဖြင့် သင်၏စိတ်ဓါတ်သည် ဘယ်တော့မှ စွမ်းအင်ကုန်ခမ်း သွားလိမ့်မည်မဟုတ်ပါ၊ နိုးကြားတက်ကြွမှုကလည်း ထက်သန်လာပါမည်။ သင့်ကိုသင်ကြား ပေးမည့်လူများအတွက်လည်းပူပင်စရာမလိုပါ၊ဂရိလူမျိုးတွေးခေါ်ရှင် ပလေတိုက " တပည့်ကသာ အဆင်သင့်ဖြစ်ပါစေ၊ သင်ကြားပေးမည့်ဆရာပေါ်လာပါလိမ့်မည် " ဟူ၍ ပြောခဲ့ပါသည်။

(၂) **လူများကိုတန်ဖိုးထားပါ။** ၁၉၇၆ခုနှစ်က စာရေးသူသည် လုပ်ငန်းခွင်ဝင်ခဲ့သည်မှာ ခုနှစ်နှစ်ရှိပြီဖြစ်သည်။ အောင်မြင်မှုများလည်း ရရှိနေခဲ့ပါသည်။ ထိုအချိန်က ဘုရားရှိခိုးကျောင်းများ၏အောင်မြင်မှုသည် တနင်္ဂနွေနေ့အစီအစဉ်များ၏ အောင်မြင်မှုဖြင့် အကဲဖြတ်လေ့ရှိကြပါသည်။ စာရေးသူဦးဆောင်သော ဘုရားရှိခိုးကျောင်းအဖွဲ့ သည် Ohio ပြည်နယ်တွင် အမြန်ဆုံးကြီးထွားတိုးတက်နေသောအဖွဲ့အစည်းတစ်ခုဖြစ်သည့်အပြင် အတန်းအစား ခွဲကြည့်မည်ဆိုလျှင်အကြီးဆုံးအတန်းအစားသို့ရောက်ရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် စာရေးသူသည် နောက်ထပ် ဘာလုပ်နိုင်ဦးမလဲဆိုပြီး သင်ယူလိုပါသည်၊ ထို့ကြောင့် ညီလာခံတစ်ခုကို သွားတက်ခဲ့သည်။ ထိုညီလာခံတွင် ဆွေးနွေးဟောပြောမည့် ပုဂ္ဂိုလ်သုံးဦး၏ စကားများကို ကြားသိလိုပါသည်၊ သူတို့သည် စာရေးသူထက် အသက်အရွယ်ကြီးရင့်ပြီး ပိုမို အောင်မြင်သူများဖြစ်ကြသည်၊ ပိုမိုအတွေ့ အကြုံရှိသူများလည်း ဖြစ်ကြပါသည်။

ညီလာခံအတွင်း၌ မည်သူမဆို တက်ရောက်ပြောကြားနိုင်သော အကြံဉာဏ်ဖလှယ်ခြင်းအစီအစဉ်တစ်ခုပါရှိပါသည်၊ စာရေးသူက ၎င်းအစီအစဉ်သည် အချိန်ဖြုန်းခြင်းမျှသာဖြစ်မည်ဟုမှန်းဆပြီး မတက်ဘဲနေရန် စိတ်ကူးခဲ့သည်။ သို့သော်စာရေးသူ၏ စပ်စုလိုသောစိတ်က သူ့ကိုအကောင်းဆုံးအကျိုးကျေးဇူးဖြစ်စေခဲ့ပါသည်။ ၎င်းအစီအစဉ်သည် တကယ့်ကိုမျက်စိဖွင့်ပေးသောအစီအစဉ်ဖြစ်ပါသည်။ တစ်ယောက်ပြီးတစ်ယောက် သူတို့အဖွဲ့အစည်းများတွင် ဘာတွေလုပ်နေသည်ကို ပြောကြားသွားခဲ့ကြသည်။ စာရေးသူသည်မှတ်စုတိုလိုက်ရေးခြင်း ၎င်းတို့ပေးသောအကြံဉာဏ်များကိုအပြေးအလွှားရေးသားခြင်းများလုပ်ခဲ့ရသည်။စာရေးသူသည်ညီလာခံတစ်ခုလုံးတွင် အခြားအစီအစဉ်များမှ သင်ယူရရှိမှုထက် ထိုအစီအစဉ်မှ သင်ယူရရှိမှုက ပိုများကြောင်းနောက်ဆုံး၌ တွေ့ရှိခဲ့ရပါသည်။

ဤအချက်သည် စာရေးသူအားအမှန်တကယ် အံ့အားသင့်စေခဲ့ပါသည်၊ နောက်ကျမှ ဘာကြောင့်ဒီလိုဖြစ်ရသလဲဆိုသည်ကို သတိထားမိခဲ့ပါသည်။ ညီလာခံမတိုင်မီက အသက်အရွယ်ကြီးရင့်ပြီး ပိုမိုအောင်မြင်သောလူများကသာ စာရေးသူအား သင်ကြားပေးနိုင်လိမ့်မည်ဟု ထင်ခဲ့သည်။ ထို့ကြောင့်အခြား လူများ၏ပြောကြားမည့်အချက်များကို တန်ဖိုးအနည်းငယ်ကလေးသာထားခဲ့မိပါသည်။ ဤသည်မှာ စာရေးသူ၏ မှားယွင်းသောသဘောထားရပ်တည်ချက်ကြောင့်ဖြစ်ပါသည်။ လူတို့သည် သူတို့တန်ဖိုးမထားသော လူများထံမှ သင်ယူရရှိနိုင်လိမ့်မည်မဟုတ်ပါ။ ထိုနေ့မှစ၍ စာရေးသူသည် သူ၏စဉ်းစားတွေးခေါ်မှုများကို ပြောင်းလဲရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

(၃) **ကြီးပွားတိုးတက်ရန်အလားအလာရှိသူများနှင့်ဆက်ဆံမှုဖွံ့ဖြိုးတိုးတက်ပါစေ။** လူတိုင်း၌ မိမိတို့ကိုသင်ကြားပေးရန် တစ်စုံတစ်ရာရှိနေသည်မှာ အမှန်ပါ၊ သို့သော် ဤသို့ပြောခြင်းကြောင့် မိမိတို့သင်ယူလိုသော အရာအားလုံးကို မည်သူကမဆို မိမိတို့အား သင်ကြားပေးနိုင်သည်ဟု မဆိုလိုပါ။ မိမိတို့အား ကြီးပွားတိုးတက်လာအောင် သင်ကြားပေးနိုင်မည့် လူတို့အားရှာဖွေရန်လိုအပ်ပါသည်။ မိမိတို့၏လုပ်ငန်းနယ်မြေတွင် အထူးကျွမ်းကျင်သူများ၊ မိမိတို့၏စဉ်းစားတွေးခေါ်မှုကို ဆွဲဆန့်ပေးနိုင်မည့် ဖန်တီးရှင် တွေးခေါ်ပညာရှင်များ ၊ မိမိတို့ကို နောက်တစ်ဆင့်တိုးတက်လာအောင်အားပေးမြှင့်တင်ပေးမည့် အောင်မြင်သူများ စသည်ဖြင့်ဖြစ်ပါသည်။ ထူးခြားသောပုဂ္ဂိုလ်များအား အချိန်ပေးစကားပြောခြင်း၏ ဆုလာဘ်သည် သင်ယူရရှိခြင်းဖြစ်ပါသည်။သူတို့ကဘယ်သူတွေလဲ၊ သူတို့ဘာတွေကိုသိသလဲဆိုသည့်အချက်များက သင့်ထံသို့ကူးလာပါမည်။ " သင်၏အားသာချက်များကို အဆင့်မြှင့်တင်ပေးပါ " ဟူသောစာအုပ်အား အတူတကွပူးတွဲရေးသားခဲ့ကြသော Donald Clifton နှင့် Paula Nelson တို့က " သင်ဘယ်သူလဲ သင်ဘာဖြစ်လာမလဲဆိုသည်ကို သင်၏ ဆက်ဆံရေးအခြေအနေက ရှင်းလင်းစွာဖော်ပြ ပေးပါလိမ့်မည် " ဟုရှုမြင်ခဲ့ပါသည်။

(၄) **လူတို့၏ ထူးခြားချက်နှင့်အားသာချက်များကိုစိစစ်ဖော်ထုတ်ပါ။** အတွေးအခေါ်နှင့်ကဗျာဆရာတစ်ဦးဖြစ်သော Ralph Waldo ကမှတ်ချက်ပြုဖူးပါသည်၊"တစ်နေရာရာမှာ ကျွန်တော့်ထက်ပိုမတော်သော လူတစ်ယောက်မျှမတွေ့ဖူးပါ " ဟူ၏။ လူတို့သည် မိမိတို့၏ အားသာချက်ရှိသောနယ်မြေတွင်အကောင်းဆုံးကြီးပွားတိုးတက်လေ့ရှိကြပါသည်၊ အလားတူပင် အခြားလူတို့၏အားသာချက်ရှိသော နယ်မြေမှ အများဆုံးသင်ယူရရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ သင့်ကို သင်ကြားပေးမည့်လူကိုရှာဖွေသောအခါ အရမ်းကာရော မရွေးချယ်မိရန်လိုပါသည်။

၁၉၇၀ ပြည့်လွန်နှစ်များက စာရေးသူသည် အတော်ဆုံးဘုရားရှိခိုးကျောင်း အဖွဲ့ခေါင်းဆောင်တစ်ဆယ်ဦးကို နိုင်ငံအတွင်းမှ စိစစ်ရှာဖွေခဲ့သည်၊ ထို့နောက်သူတို့တစ်ဦးချင်းနှင့်နေ့လည်စာအတူစားရန် အလုပ်ကျချိန်းဆိုခဲ့ပါသည်။ စာရေးသူက သူတို့အတွက် တစ်နာရီဒေါ်လာတစ်ရာပေးရန် ပင်ကမ်းလှမ်းခဲ့ပါသည်၊ ထိုငွေသည် ထိုစဉ်က ရက်သတ္တပတ်တစ်ဝက်စာလုပ်ခနှင့်ညီမျှပါသည်။ တချို့က လိုလိုလားလားလာတွေ့ပါသည်၊ တချို့ကတော့မလာပါ၊ လာရောက်တွေ့ဆုံစကားပြောဆိုသောပုဂ္ဂိုလ်များကို စာရေးသူက အထူးကျေးဇူးတင်မိပါသည်။

ထိုအချိန်က စာရေးသူမိသားစုတွင် ငွေသိပ်မရှိပါ၊ အဆိုပါခေါင်းဆောင်များသည် တိုင်းပြည်အတွင်း အနှံ့အပြားတွင်နေထိုင်ကြသူများဖြစ်ပါသည်။ အားလပ်ရက်များတွင် သူတို့ထံသွားရောက်လည်ပတ်ရန် စာရေးသူနှင့်မိသားစုသည် နှစ်အလိုက် စီမံချက်လုပ်ထားခဲ့ကြပါသည်။ ဤပုဂ္ဂိုလ်များကို တွေ့ဆုံရန် စာရေးသူက ဘာကြောင့်ဒီလောက်ဝေးကွာသော ခရီးများကို သွားခဲ့ရပါသလဲ၊ အဘယ့်ကြောင့်ဆိုသော် သူတို့ပိုင်ဆိုင်သော ထူးခြားသောကျွမ်းကျင်မှုများနှင့်အားသာချက်များကို သင်ယူရန် စာရေးသူက သေမတတ်ဆန္ဒပြင်းပြနေသောကြောင့်ဖြစ်ပါသည်။ သူတို့နှင့်တွေ့ဆုံစကားပြောဆိုခွင့်ရရှိခြင်းသည် စာရေးသူ၏ဘဝကို အကြီးအကျယ် ကွဲပြားခြားနားမှုဖြစ်စေခဲ့သည်ဟုဆိုပါသည်။ ဘာတွေကွဲပြားခြားနားရတာလဲဟုထင်ပါသလဲ၊ ကြီးကျယ်ထင်ရှားသောအမျိုးသားများ ၊ အမျိုးသမီးများနှင့် ဆက်သွယ်စကားပြောဆိုရခြင်းသည် စာရေးသူ

၏ဘဝလမ်းကြောင်းကို အစဉ်တစိုက်ရိုက်ခတ်စေပါသည်။ စာရေးသူသည် ယနေ့ထက်တိုင် သူကြည်ညိုလေးစားသော ပုဂ္ဂိုလ်တစ်စုံတစ်ဦးကို လစဉ်တွေ့ဆုံနိုင်ရန် ကြိုးစားအားထုတ်၍ သင်ယူလေ့လာလျက်ရှိပါသည်။

(၅) **မေးခွန်းများမေးပါ။** စာရေးသူကတက္ကသိုလ်ပထမနှစ်တက်သောအခါ Ohio မြို့ Circleville အရပ်ရှိ အအေးခန်းအလုပ်ရုံတွင် အချိန်ပိုင်း အလုပ်လုပ်ပါသည်။ နွားများကိုသတ်ပြီး အမဲသားများကို ကြီးကျယ်သော အအေးခန်းဂိုဒေါင်ကြီးများတွင် သိုလှောင်ထားသော နေရာဖြစ်ပါသည်။ စာရေးသူ၏အလုပ်မှာ သားသတ်ရုံမှ ထွက်လာသော အသားများကို အအေးခန်းများအတွင်းသို့ ဆွဲတင်ရန် နှင့် စားသုံးသူများ၏ အမှာစာအရ ပြန်ထုတ်ပေးရန် ဖြစ်သည်။

အားလုံးသည် သူ့အတွက် အသစ်အဆန်းချည်းသာဖြစ်သည်။ နယ်မြေသစ်တစ်ခုဖြစ်သောကြောင့်သူကသင်ယူရန်ကြိုးစားခဲ့သည်၊ သင်ယူရန်အကောင်းဆုံးနည်းလမ်းသည်စောင့်ကြည့်ခြင်းနှင့် မေးခွန်းများ မေးခြင်းဖြစ်သည်၊ လုပ်ဖော်ကိုင်ဖက် Pense အမည်ရှိအဖိုးကြီး တစ်ဦးသည် ဤအလုပ်ရုံတွင် နှစ်ပေါင်းများစွာ လုပ်လာခဲ့သူဖြစ်သည်။ သူကစာရေးသူအား အနားသို့ဆွဲခေါ်လိုက်ပြီးပြော၏၊ "သား–မင်းမေးတဲ့မေးခွန်းတွေက များလွန်းတယ်၊ ငါတစ်ခုပြောမယ်၊ ငါဒီမှာ လုပ်လာတာကြာပြီ၊ ငါကနွားတွေသတ်တယ်၊ ငါလုပ်တာဒါပဲ၊ ရှေ့လျှောက်လုပ် သွားမှာလည်းဒါပဲ၊ မင်းပိုသိလာရင်မင်းကို ပိုခိုင်းမှာပဲ"။ မသင်ယူလိုသော မတိုးတက်လိုသော လူတစ်ယောက်အကြောင်းကို အတော်နားလည်ရခက်ခဲခဲ့ပါသည်၊ ရှင်းရှင်းလင်းလင်းပြောနိုင်တာကတော့ သူကပြောင်းလဲခြင်းကို မလိုလားတာပါပဲ။

စာရေးဆရာ Johann Wolfgang von Goethe ကတော့"လူတစ်ယောက်ဟာ နေ့တစ်နေ့မှာ အနည်းဆုံး သီချင်းကလေးတစ်ပုဒ်နားထောင်သင့်တယ်၊ ကဗျာကလေးတစ်ပုဒ် ဖတ်သင့်တယ်၊ လှပသော ပန်းချီကားကလေးတစ်ချပ်ကိုကြည့်ရှုပြီး ခံစားသင့်တယ်၊နောက်ပြီးဖြစ်နိုင်လျှင် အကျိုးအကြောင်း ဆီလျော်သော စကားကလေးတစ်ခွန်း နှစ်ခွန်းပြောသင့်တယ်" ဟု ယုံကြည်ခဲ့ပါသည်။ နေ့သစ်တစ်နေ့မှာ တစ်စုံတစ်ရာသင်ယူနိုင်ရန် အတွက် မေးခွန်းကလေးတစ်ချို့လည်း မေးသင့်တယ်ဟု စာရေးသူက ထပ်ဆောင်းဖြည့်စွက်ပါသည်။ မှန်ကန်သော မေးခွန်းများကို မေးနိုင်သော လူတစ်ယောက်သည် အများဆုံးသင်ယူမှုရရှိနိုင်သောကြောင့်ဖြစ်ပါသည်။

**သင်၏ ကြီးပွားတိုးတက်ရေးအတွက် ကူညီရန် နည်းနာပြပေးသူဆရာတစ်ဦးကို ရှာဖွေပါ**

သင်၏ကြီးပွားတိုးတက်ရေးအတွက် အခြားလူများအပေါ်တွင် မှန်ကန်သော သဘောထားရပ်တည်ချက်ရှိရမည် ဖြစ်ပါသည်။ သို့သော် သင်၏ တိုးတက်မှုကို အမြင့်ဆုံးမြှင့်တင်လိုလျှင် သင်သည် နောက်ထပ်ခြေလှမ်းတစ်လှမ်းထပ်လှမ်းရန်လိုပါသည်။ သင်၏ ကြီးပွားတိုးတက်ရေးအတွက် ကူညီနိုင်ပြီး သင်ယူလိုသော အကြောင်းအရာအတွက် စံပြုနိုင်သော နည်းနာပြပေးသူဆရာတစ်ဦးကို ရှာဖွေရန် လိုအပ်ပါသည်၊ ပထမအဆင့်မှာတော့ ထိုပုဂ္ဂိုလ်သည် သင်ကိုယ်တိုင်သိသော လူဖြစ်ရန်မလိုပါ။ စာအုပ်များဖတ်ခြင်း၊ ဗွီဒီယိုများကြည့်ခြင်း၊ ညီလာခံများတက်ခြင်း နှင့် အင်တာနက်ဘလော့ဂ်များ ဖတ်ခြင်းတို့ဖြင့် စတင်ရပါမည်။ သင့်ကို နောက်တစ်ဆင့် တိုးတက်ရန်အတွက် ကူညီနိုင်သူကို ထိုအတွေ့အကြုံများမှ ရှာဖွေရပါမည်။

သင်အတုယူမည့် လူပုဂ္ဂိုလ်များနှင့်ပတ်သက်၍ သေသေချာချာစဉ်းစားပါ၊ အဘယ့်ကြောင့် ဆိုသော်ငင်းတို့သည် ဘဝတစ်လျှောက်လုံး သင်လျှောက်လှမ်းမည့်လမ်းကြောင်း အပေါ်သို့ ရိုက်ခတ်လိမ့် မည်ဖြစ်သောကြောင့်ဖြစ်သည်။ စာရေးသူက သူနမူနာထားလိုက်နာမည့် စံပြပုဂ္ဂိုလ်တစ်ဦးကို ရွေးချယ်ရာ တွင်မေးခွန်းခြောက်ခုမေး၍ ရွေးချယ်ပါသည်၊ သင့်အတွက်လည်း နည်းနာပြသပေးမည့်ဆရာတစ်ယောက် ရွေးချယ်ရာတွင် အသုံးဝင်ကောင်းဝင်နိုင်ပါသည်–

**မေးခွန်း(၁)** စံပြပုဂ္ဂိုလ်၏ ဘဝသည် မိမိကနမူနာယူလိုက်နာရန် ထိုက်တန်ရဲ့လား။ ဤမေးခွန်းသည် အကျင့်စာရိတ္တအဆင့်အတန်းနှင့်ဆက်စပ်ပါသည်။ ရှင်းရှင်းလင်းလင်းကောင်းသည်ဟုအဖြေမပေးနိုင်လျှင် အများကြီးဂရုစိုက်ရန်လိုပါမည်။ မိမိသည် မကြာမီ စံပြပုဂ္ဂိုလ်အတိုင်း ဖြစ်လာမည်ဖြစ်သောကြောင့် မိမိ၏ စံပြပုဂ္ဂိုလ်သည် အစွန်းအထင်းပါသော စာရိတ္တရှိသူမဖြစ်စေလိုပါ။

**မေးခွန်း(၂)** စံပြပုဂ္ဂိုလ်၏ဘဝတွင် နောက်လိုက်များရှိပါသလား။ ဤမေးခွန်းသည် ယုံကြည်နိုင်မှု အဆင့်အတန်းကိုကြည့်ရှုခြင်းဖြစ်ပါသည်။ သင်သည် နောက်လိုက်များလိုက်ပါလာအောင် အဆင့်အတန်း ရှိသော ခေါင်းဆောင်တစ်ယောက်ကို ပထမဦးဆုံး ရှာဖွေတွေ့ရှိသူဖြစ်ကောင်း ဖြစ်နိုင်သော်လည်း များ သောအားဖြင့် ဒါမျိုးဖြစ်လေ့မရှိပါ။ လူတစ်ယောက်မှာ နောက်လိုက်လုံလုံလောက်လောက်မရှိလျှင် ထိုလူ သည် မိမိအတွက် သူ့နောက်ကလိုက်ပါရန်ထိုက်တန်မည်မဟုတ်ပါ။

အကယ်၍ အထက်ပါမေးခွန်းနှစ်ခုလုံးအတွက် အဖြေက မဟုတ်ပါ/မရှိပါ ဖြစ်လျှင် ကျန်မေးခွန်း လေးခုကို ဆက်မေးရန်မလိုတော့ပါ။ အခြားစံပြပုဂ္ဂိုလ်တစ်ယောက်ကို ရှာသင့်ပါသည်။

**မေးခွန်း(၃)** စံပြပုဂ္ဂိုလ်၏ နောက်ကလိုက်ပါရန် အခြားလူများအပေါ်လွှမ်းမိုးသောသူ၏ အဓိက အားသာချက်ကဘာလဲ၊စံပြပုဂ္ဂိုလ်က မိမိအတွက် ဘာလုပ်ပေးနိုင်သလဲ၊ သူ၏အတော်ဆုံးအချက်က ဘာလဲ၊ ခိုင်မာသော ခေါင်းဆောင်များသည် အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်း ရှိနိုင် သည်ကို အသိအမှတ်ပြုပါ၊ အားနည်းချက်များကိုတော့ အတုခိုးရန်မရည်ရွယ်သင့်ပါ။

**မေးခွန်း(၄)** စံပြပုဂ္ဂိုလ်သည် အခြားခေါင်းဆောင်များကို မွေးထုတ်ပေးသေးသလား။ ဤမေးခွန်း အတွက် အဖြေကစံပြပုဂ္ဂိုလ်၏ ခေါင်းဆောင်မှုသည် ခေါင်းဆောင်သစ်များ ကို မွေးထုတ်ပေးရန်ဖြစ်သော စာရေးသူ၏ ဦးစားပေးမှုနှင့် ကိုက်ညီခြင်းရှိ မရှိ ဖော်ပြပေးပါသည်။

**မေးခွန်း(၅)** စံပြပုဂ္ဂိုလ်၏ အားသာချက်သည် မိမိ၏ ဘဝတွင် ပြန်လည်ထုတ်လုပ် ပေးနိုင်စွမ်း ရှိသလား။ သူ၏အားသာချက်ကို မိမိဘဝတွင် ပြန်လည်ထုတ်လုပ်ခြင်းမပြုနိုင်ပါက သူ့ကို စံပြပုဂ္ဂိုလ် အဖြစ်ထားခြင်းသည် မိမိအတွက် အကျိုးမရှိပါ၊ ဥပမာ သင်သည် ဘတ်စကက်ဘော အလယ်လူ ကစားသမား Shaquille O' Neil ၏စွမ်းရည်ကို သဘောကျသော်လည်း သင်သည် အရပ် ၅ ပေ ၉ လက်မ ၊ ပေါင်ချိန် ၁၇၀ သို့မဟုတ် ထိုထက်နည်းနေမည်ဆိုလျှင် သင်သည် သူ၏အားသာချက်များကို ပြန်လည်ထုတ်လုပ်နိုင်မည်မဟုတ်ပါ၊ သင့်အတွက် ဆီလျော်သော စံပြပုဂ္ဂိုလ်ကို ပြန်ရှာပါ၊ သို့သော် တိုးတက်မှုအတွက်တော့ ကြိုးပမ်းအားထုတ်ရပါမည်။ အားသာချက်တစ်ခုသည် ပြန်လည် ထုတ်လုပ်ခြင်း မပြုနိုင်ပါဟု လွယ်လွယ်နှင့်မြန်မြန်တော့ မပြောလိုက်ပါနှင့်၊ လူအများစုက ဒီလိုမျိုးပြောတတ်ကြသည်၊ သင်၏ အလားအလာကို ကန့်သတ်မထားပါနှင့်။

**မေးခွန်း(၆)** စံပြပုဂ္ဂိုလ်၏ အားသာချက်သည် မိမိ၏ ဘဝတွင် ပြန်လည်ထုတ်လုပ် ပေးနိုင်မည် ဆိုပါက ထိုအားသာချက်ကို ဖော်ထုတ်ရန် နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘာဆက်လုပ်ရမလဲ။ သင့်မှာ အလုပ်လုပ်ရမည့် စီမံချက်တစ်ခုရှိရပါမည်။ သင်သည် မေးခွန်းများကိုသာ ဖြေဆိုနေပြီး အားသာချက်များကို သင့်ကိုယ်မှာ ပေါ်ထွန်းလာရန်အတွက် စီမံချက်တစ်ခုကို အကောင်အထည် မဖော်ဘူးဆိုလျှင် သင်သည် ဉာဏ်စမ်းလေ့ကျင့်ခန်းတစ်ခုပြုလုပ်နေခြင်းသာဖြစ်ပါလိမ့်မည်။

မိမိတို့ရွေးချယ်သော စံပြပုဂ္ဂိုလ်များသည် ပုဂ္ဂိုလ်ရေးအရ မိမိတို့နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှု ရှိချင်မှရှိပါမည်။ တချို့သည် သမ္မတကဲ့သို့သော အမျိုးသားပုံရိပ်လည်းဖြစ်နိုင်ပါသည်။ သမိုင်းတွင်ရှိခဲ့ဖူး သော ပုဂ္ဂိုလ်များလည်း ဖြစ်နိုင်ပါသည်။ သူတို့သည် သင့်အတွက် အကျိုးကျေးဇူးများကို အမှန်တကယ် ဖြစ်ထွန်းစေပါလိမ့်မည်၊ သို့သော်သူတို့သည် လူပုဂ္ဂိုလ်နည်းနာပြသူတစ်ဦးကဲ့သို့ လက်ထပ်မသင်နိုင်ပါ။

## နည်းနာပြသပေးသော ဆရာများနှင့်ဆက်ဆံရေး

သင့်ကို လူပုဂ္ဂိုလ်ရေးအရ နည်းနာပြသပေးမည့် ဆရာတစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ပြီဆိုလျှင် ဤအကြံပေးချက်များသည် ထိုဆရာ၏ အပြုသဘောနည်းနာပြသမှုဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်စေရန် အကူအညီပေးပါလိမ့်မည်-

(၁) **သင်၏မျှော်လင့်ချက်အဆင့်အတန်းကို ရှင်းလင်းဖော်ပြပါ။** ယေဘုယျအားဖြင့် ပြောရလျှင် နည်းနာပြသခြင်း၏ ပန်းတိုင်သည် တိုးတက်ခြင်းအတွက်သာဖြစ်သည်၊ အကောင်းဆုံးဖြစ်ရန် မဟုတ်ပါ။ လူတချို့အတွက်တော့ အမှန်တကယ်ထူးခြားကောင်းမွန်ခြင်းဖြစ်ကောင်းဖြစ်နိုင်သော်လည်း အများစု အတွက် ဆိုလျှင် ပိုမိုကောင်းမွန်ခြင်း ရလာဒ်သာဖြစ်ပေါ်စေပါမည်။

(၂) **သင်ယူနေသော တပည့်တစ်ယောက်အဖြစ်ကို လက်ခံပါ။** သင်ယူမှုလုပ်ငန်းစဉ်တွင် “ငါ” ဟူသောအတ္တမာနကိုဖြုတ်ပါ။သင်၏အသိပညာ သို့မဟုတ် စွမ်းဆောင်ရည်ဖြင့် ဆရာ၏ အထင်ကြီးမှုကို ဖြစ်စေရန် ကြိုးစားခြင်းသည် သင်နှင့်ဆရာအကြားတွင် စိတ်ဓါတ်ရေးရာ အတားအဆီးကို ဖြစ်ပေါ်စေနိုင် သည်။ ဤအချက်က ဆရာပေးသမျှကို သင် မရရှိစေရန် ကာကွယ်ထားသည်၊နှိမ့်ချပါ၊စိတ်ရှည်ပါ။

(၃) **ဆရာကိုရိုသေလေးစားပါ သို့သော် အလွန်အမင်းမြတ်နိုးကိုးစားခြင်းမပြုပါနှင့်။** ရိုသေ လေးစားခြင်းသည် ဆရာသင်ကြားပေးမှုကို လက်ခံရန် အဆင်သင့်ဖြစ်စေသည်။ သို့သော်နည်းနာ ပြသပေးသော ဆရာအား ကိုးကွယ်စရာပြုလုပ်ခြင်းသည် မိမိ၏ ရည်မှန်းချက်နှင့် နိုင်းနိုင်းချိန်ချိန်ရှိမှုကို ဆုံးရှုံးစေသည်။ မိမိတို့လိုအပ်သည်မှာ ဆရာ၏ အသိပညာနှင့်အတွေ့အကြုံများကို မိမိတို့ကိုယ်ပိုင် ဖြစ်လာစေဖို့မဟုတ်ဖူးလား၊ ဆရာ၏ အားသာချက်များမှ သင်ယူသကဲ့သို့ပင်ဆရာ၏အားနည်းချက်များ ကိုလည်းသင်ခန်းစာယူသင့်သည်။

(၄) **သင်ယူနေစဉ်မှာပင် ချက်ချင်းလက်တွေ့လုပ်ကြည့်ပါ။** အကောင်းဆုံးနည်းနာပြသမှု ဆက်ဆံရေးတွင် သင်ယူပြီးသမျှကို အမြန်ဆုံး စူးစိုက်လုပ်ဆောင်စေခြင်းဖြစ်သည်။ အသစ်တစ်ခုခုကို သင်ယူပြီးပြီဆိုလျှင်လက်တွေ့လုပ်ကြည့်ပါ၊ သို့မဟုတ် အခြားတစ်ယောက်ကို ပြန်လည်သင်ကြားပေးပါ၊ ထိုအတိုင်းလုပ်ခဲ့လျှင် ၎င်းဘာသာရပ်နှင့် ပတ်သက်၍ သင်သည် စိတ်ပိုင်းရောရုပ်ပိုင်းရော စုပ်ယူ နိုင်စွမ်းရှိပြီး လျင်မြန်စွာအလားတူအရည်အချင်းကို ရရှိနိုင်မည်ဖြစ်ပါသည်။

**(၅) ဆရာနှင့် ဆက်ဆံသော အခါ စည်းကမ်းထားရှိပါ။** သင်ယူနိုင်ရန်သင့်လျော်ညီညွတ်သော အချိန်လုံလုံလောက်လောက် စီစဉ်ပေးထားရပါမည်။ သင်ယူမည့် ဘာသာရပ်ကို ကြိုတင်ရွေးချယ်လေ့လာထားရမည်။ သင်ယူမှုလုပ်ငန်းမှ အကျိုးအမြတ်ရရှိစေရန် အိမ်စာများပြုလုပ်ရမည်။

**(၆) သင်၏ တိုးတက်မှုဖြင့်ဆရာအားဂါရဝပြုပါ။** သင်ကကျေးဇူးတင်ကြောင်းပြသပါသည်၊ သို့သော်တိုးတက်မှုမရှိလျှင် ဆရာသည်ဆုံးရှုံးခြင်းကို ခံစားရပါသည်၊ သင်၏တိုးတက်မှုသည်သူ့အတွက်အမြင့်ဆုံးဆုလာဘ်ဖြစ်သည်။ တိုးတက်အောင် အားထုတ်ပါ၊ သင်၏တိုးတက်မှုကိုသိမြင်ပါစေ။

**(၇) လက်မြှောက်တော့မည်ဟု မခြိမ်းခြောက်ပါနှင့်။** သင်သည် တိုးတက်ရန်အတွက်ဆုံးဖြတ်ထားကြောင်းဆရာသိပါစေ၊သင်သည် မရမနေလုပ်မည့်ဇွဲကောင်းသူဖြစ်ကြောင်းလည်းသိပါစေ၊အောင်မြင်သူဖြစ်ရန်သန္နိဋ္ဌာန်ချထားရပါမည်၊ သို့မှသာ ဆရာက သူသည် အချိန်ဖြုန်းနေခြင်း မဟုတ်ကြောင်းသိပါလိမ့်မည်။

သင်သည် သင်၏ ပုဂ္ဂိုလ်ရေးတိုးတက်မှုအတွက် ဘာနှင့်မျှ အစားမထိုးနိုင်ပါ၊ အကယ်၍ သင်သည် အစဉ်အမြဲလက်ခံရရှိနေခြင်းနှင့် ကြီးပွားတိုးတက်နေခြင်းမရှိခဲ့လျှင် သင်သည် အခြားလူများအပေါ်တွင် အားပေးကူညီခြင်းနှင့်ဖွံ့ဖြိုးတိုးတက်စေခြင်းများ မပြုလုပ်နိုင်ပါ။ အခြားလူများကို မျှဝေနိုင်သောစွမ်းရည်သင့်မှာ ရှိစေရန် သင်ကလည်း အဆက်မပြတ် သင်ယူနေရပါမည်။